# စာသင်ခန်းအတွင်းလုပ်ဆောင်မှုအစီအစဉ်များ

ခ(၃) ကျောင်းသားများ၏သင်ယူမှုကိုအထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချမှုရှိသော ဝန်းကျင်ကိုဖန်တီးပေးခြင်း

Teacher FOCUS

Learn Choose Use

အတွေ့ အကြုံရင့်ကျက်သောဆရာများသည်မတူညီသောစာသင်ခန်းတွင်းလုပ်ဆောင်မှု(Activities)များကို အသုံးပြုကြသည်။ အောက်ပါအချက်များသည်စာသင်ခန်းတွင်း၌ထိရောက်စွာအသုံးပြုနိုင်သော နည်းလမ်းများ ဖြစ်သည်။ သင့်အနေဖြင့်အောက်ပါအချက်များအားလုံးကိုအသုံးပြုရန်မလိုပါ။သင်၏စာသင်ခန်းနှင့်ကိုက်ညီမည့် နည်းလမ်းတချို့ ကိုသာရွေးချယ်အသုံးပြုပါ။

## အတန်းဝတွင်ရပ်၍ကျောင်းသားများအားနှုတ်ဆက်ခြင်း

ဤလုပ်ဆောင်မှုမျိုးသည်သင်၏ကျောင်းသားများ၏ တစ်နေ့တာစတင်ရန်ဖြစ်ပေါ်နေသော စိတ်ခံစားချက်ကို လည်းသိရှိနိုင်ပါသည်။

### စာသင်ကြားချိန်အစနှင့် စာသင်ခန်းအဝင်ဝ၌ လုပ်ဆောင်ရန်

စာသင်ကြားချိန်၏အစ၌ကျောင်းသားများ၏စိတ်ပါဝင်စားမှုကို ရယူခြင်း

- ကျောင်းသားများ၏တက်ရောက်မှုစာရင်းကိုကောက်ခံရာတွင် ၎င်းတို့ စိတ်ပါဝင်စားမှုရှိစေရန် ပျော်ရွှင်စရာ ကောင်းသောအပြုအမူများဖြင့်အစပြုပါ။

**ဥပမာ။ ။**

- ကျောင်းသားများအား သင်အကြိုက်နှစ်သက်ဆုံးအရောင်/ အစားအစာ/ အားကစား/ ဂီတက ဘာလဲ?
- အုန်းသီးနဲ့ နာနတ်သီး ဘယ်ဟာပိုကြိုက်လဲ?
- မြန်မာပြည်တွင်ရှိသောမြို့ များ၏အမည်ကိုမေးပါ
- ကဲဒီနေ့အတန်းထဲမှာ ဘာထူးခြားနေလဲ ဆိုတာ သတိထားမိလား?
- ကျောင်းသားများနိုးကြားစေရန်သွေးပူမေးခွန်းများကို အတန်းစချိန်၌သင်ပုန်းပေါ်တွင်ရေးချထားပါ။

### ကျောင်းသားများ၏အာရုံစူးစိုက်မှုကိုရရှိခြင်း

ကျောင်းသားများ၏အာရုံစူးစိုက်မှုကိုရရှိရန်သင်္ကေတများ

- ဆရာမှကျောင်းသားများ၏ခေါင်းပေါ်သို့ လက်တင်လိုက်လျှင် (သို့ မဟုတ်) လက်ညှိုးအား ပါးစပ်ကို ကာလိုက်လျှင် ကျောင်းသားများမှချက်ချင်းငြိမ်သက်ခြင်း။
- ဆရာမှတစ်ခုခုကိုအသံထွက်အောင်ရိုက်လိုက်သောအခါ ကျောင်းသားများသည်မိမိတို့ လုပ်ဆောင်ရမည့်အရာများကို ပြန်လည်လုပ်ဆောင်ခြင်း။
- ဆရာမှလက်ကိုမြှောက်ထား၍ ၅၊၄၊၃၊၂၊၁ ဟု ရေပြီးသည်နှင့်တစ်ပြိုင်နက်တည်းကျောင်းသားများ ချက်ချင်းငြိမ်သက်သွားခြင်း။
- လက်ခုပ်တီး၍ကျောင်းသားများ၏အာရုံစူးစိုက်မှုကို ပြန်လည်ရယူခြင်း
- သင်ကြားနေမှုကိုရုတ်တရက်ရပ်တန့်၍ ကျောင်းသားများ အာရုံစိုက်လာသည်အထိတိတ်ဆိတ်နေခြင်း။

### စာသင်ခန်းတစ်ခုလုံး၏တတ်မြောက်မှုကို လျှင်မြန်စွာ စစ်ဆေးခြင်း

- ကျောင်းသားများအားသင်ခန်းစာအပေါ် မည်မျှ နားလည်ကြောင်းအခြေအနေကိုမေးပါ။ ၎င်းတို့၏ သင်ခန်းစာ အပေါ်ယုံကြည်မှုရှိရှိ  နားလည်ပုံကို  လက်ချောင်း ၁ ချောင်း အနိမ့်ဆုံးမှ လက်ချောင်း ၅ချောင်း အမြင့်ဆုံး သတ်မှတ်ပါ။
- ကျောင်းသားများအား ဟုတ်သည်၊ မဟုတ်သည် ဟု ဖြေရသောမေးခွန်းမျိုးမေးပါ။ ကျောင်းသားများမှ ၎င်းတို့ ၏ အဖြေကို လက်မသုံး၍ဖြေနိုင်းပါ။
- ခေါင်းငြိမ့်၍ဖြေနိုင်းခြင်း-မှန်သည်၊မှားသည်ကိုသာ ဖြေဆိုခိုင်းခြင်း။
- မှန်သည်ဆိုလျှင် ထ၊ မှားသည်ဆိုလျှင်ထိုင်။
- အဖြေများကိုမတူညီသည့်နေရာတွင်ကပ်ထားပြီး လက်ညှိုးထိုး၍ဖြေဆိုစေခြင်း။

### စာသင်ခန်းမှထွက်ခွာချိန်

စာသင်ခန်းမှမထွက်ခွါမီလုပ်ဆောင်ရန်

- ကျောင်းသားများသည်အတန်းသန့် ရှင်းရေးကိုပြီးမြောက် အောင်မလုပ်ဆောင်ရသေးပါကထွက်ခွာခွင့်မပြုပါ။
- သင်ခန်းစာနှင့်ပတ်သက်သောစာများအားလုံးကိုပြီးစီး မှသာ စာသင်ခန်းမှ ထွက်ခွာခွင့်ရမည်။
- ဆရာမှစာသင်ခန်းတွင်းကြိုးစားမှုအရှိဆုံးသူအားဦးစွာ ထွက်ခွာခွင့်ပြုခြင်း။
- ငြိမ်သက်စွာထိုင်နေသောကျောင်းသားအားဦးစွာ ထွက်ခွာခွင့်ပြုခြင်း။

EXIT

## ကျောင်းသားများ၏အာရုံစူးစိုက်မှု ကိုထိန်းညှိခြင်း

အာရုံစူးစိုက်မှုပြန်လည်ရရှိရန်နည်းလမ်းများ

- ကျောင်းသားတစ်ဦးမှအမှားတစ်ခုခုကိုကျူးလွန်နေပါက ၄င်းအားကြည့်၍ ကိုယ့်ကိုယ်ကိုသတိပြုမိစေရန် ၄င်းတို့၏နာမည်အားခေါ်ပေးပါ။
- ကျောင်းသားများအနေဖြင့်လည်းသင်သည်သူတို့ အား အမြဲစောင့်ကြည့်နေသည်ကိုသတိပြုမိစေပါ။
- ကျောင်းသားများအားစက္ကန့် ၃၀ ခန့် အကြောလျှော့ခြင်း နှင့်အနည်းငယ်လှုပ်ရှားမှုများလုပ်ဆောင်စေပါ။
- နေရာများရွှေ့ ၍ထိုင်ခိုင်းစေခြင်း၊အတွဲလိုက် လုပ်ဆောင်စေခြင်း။
- သင့်အနေဖြင့်အချိန်ကြာမြင့်စွာသင်ကြားပို့ချနေလျှင် ကျောင်းသားများအားအခွင့်အရေးပေးသည့်အနေဖြင့် ၄င်းတို့ အားမေးခွန်းများကိုအချင်းချင်းဆွေးနွေးစေ၍ အတူတကွဖြေကြားစေခြင်း။

## အိမ်စာတင်ရန်နောက်ကျခြင်း

အိမ်စာမပြီးခြင်းအတွက်ရှင်းလင်းသောပြစ်ဒဏ်များ ချမှတ်ထားခြင်း

- တစ်ရက်နောက်ကျလျှင်အမှတ်၏ ၅ရာခိုင်နှုန်းကို လျှော့ချခြင်း (အိမ်စာအမှတ်ယူသည်ဆိုလျှင်)
- တစ်ရက်နောက်ကျလျှင်အဆင့်တစ်ဆင့်လျှော့ချခြင်း။ ( A မှ B သို့ )
- သုံးရက်ထက်ပို၍နောက်ကျပါက ဆရာမှ နောက်ကျပြီးတင်သောအိမ်စာကို လုံးဝလက်မခံခြင်း။
- ကျောင်းသားတစ်ယောက်အနေဖြင့်အိမ်စာတင်ရန် နောက်ကျပါက အပို လုပ်ဆောင်မှုများကို လုပ်ဆောင်ရခြင်း။
- အကယ်၍ကျောင်းသားတစ်ဦးမှအိမ်စာကိုပြီးစီး အောင်မလုပ်ရသေးပါက မုန့်စားဆင်းချိန် (သို့) နေလည်စာစားချိန်များတွင် လုပ်ဆောင်ခိုင်းခြင်း။
- အပါတ်စဉ်တိုင်းအိမ်စာပုံမှန်တင်သောသူများအတွက် ဆုပေးစနစ်ထားခြင်း။

## လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့်ပြန်လည်ကောက်ယူခြင်း

### လက်ကမ်းစာစောင်ဖြန့်ဝေနည်းများ

- ကျောင်းသားများနှင့်အတူတကွနာရီဖြင့်အချိန် တစ်ခုသတ်မှတ်လိုက်ပြီးကျောင်းသားတစ်ယောက်မှ မည်မျှမြန်မြန်ဖြန့် ဝေနိုင်မည်ကိုစောင့်ကြည့်ပါ။
- အတန်းဝတွင်ရပ်စောင့်၍ဝင်လာသောကျောင်းသား အယောက်စီတိုင်းအားဝေပေးပါ။
- ခုံအတန်းတစ်တန်းစီပြိုင်ခိုင်းပါ၊ ဦးစွာပြီးဆုံးမည့်အဖွဲ့ ကအနိုင်ရမည်။
- ကျောင်းသားများထဲမှစာရွက်ဝေရန်အတွက် ခေါင်းဆောင် ခန့် ပါ။

### ပြန်လည်စုစည်းခြင်းနည်းလမ်းများ

- ကျောင်းသားများပြန်လည်ထားရှိရန်နေရာ (သို့မဟုတ်)သေတ္တာတစ်ခုထားပေးပါ။
- အိမ်စာများကိုတက်ရောက်သူများစာရင်းနှင့်တကွ ကောက်ယူပါ။

## စာသင်ချိန်အတွင်း ဆရာ့အားတုံ့ ပြန်ပုံ

စာသင်ချိန်အတွင်းဆရာ့အားမေးခွန်းမေးလိုလျှင်ဖြစ်စေ၊ ဖြေဆိုလိုလျှင်ဖြစ်စေ

- လက်ညှိုးထောင်ပါ။ လက်ထောင်ပါ။
- ဆရာမှလူရွေး၍ဖြေဆိုခိုင်းပါ။

## စာမေးပွဲဖြေဆိုနေစဉ်အတောအတွင်း ပျက်ကွက်ခြင်း

စာမေးပွဲဖြေဆိုရန်ပျက်ကွက်မှုနှင့်ပတ်သက်သောနောက်ဆက်တွဲ အကျိုးဆက်များသတ်မှတ်ပေးခြင်း

- ကျောင်းဆင်းချိန်၌ပြန်လည်ဖြေဆိုရမည်။
- ကျောင်းမတက်မီပြန်လည်ဖြေဆိုရမည်။
- ထမင်းစားကျောင်းဆင်းချိန်၌ပြန်လည်ဖြေဆိုရမည်။
- စာသင်ချိန်အတောအတွင်း စာသင်ခန်း၏ အနောက်ဘက်တွင် နေရာယူ၍ပြန်လည်ဖြေဆိုရမည်။


CC BY NC SA